

# ကောလိပ်အတွက် ကျောင်းလခပေးချေခြင်း
# ဒုက္ခသည်နှင့်နိုင်ငံရေးခိုလှုံသူကျောင်းသားများ



ဒုက္ခသည်ကျောင်းသားများနှင့် နိုင်ငံရေးခိုလှုံခွင့် ရရှိထားသော ကျောင်းသားများသည် အမေရိကန်ပြည်ထောင်စု အတွင်း ကောလိပ်တက်ရောက်ရန် အရည်အချင်းပြည့်မီသည်။

## FAFSA

ပြည်ထောင်စုကျောင်းသားထောက်ပံ့မှုဆိုင်ရာ အခမဲ့ လျှောက်ထားခြင်း (FAFSA) သည် Pell grants အပါအဝင် ပြည်ထောင်စုထောက်ပံ့ကြေး၊ work-study နှင့် ပြည်ထောင်စု ကျောင်းသားချေးငွေ လျှောက်ထားရန် ကျောင်းသားများ နှစ်စဉ် လုပ်ဆောင်ရမည့် လျှောက်ထားမှုတစ်ခုဖြစ်သည်။

ဒုက္ခသည်ကျောင်းသားများနှင့် နိုင်ငံရေးခိုလှုံခွင့် ရရှိထားသော ကျောင်းသားများကို "အရည်အချင်းပြည့်မီသော နိုင်ငံသားမဟုတ်သူများ"အဖြစ် ယူဆသတ်မှတ်ထားပြီး ၎င်းတို့သည် FAFSA ကို ဖြည့်စွက်၍ ပြည်ထောင်စုထောက်ပံ့ကြေးအတွက် အခွင့်ရနိုင်သည်။ အရည်အချင်းပြည့်မီသော နိုင်ငံသားမဟုတ်သူ တစ်ဦး အဖြစ် FAFSA ကို ဖြည့်စွက်ရန်အတွက် သင်၏ လူမှုဖူလုံရေးအမှတ်(Social Security Number) နှင့် သင်၏နိုင်ငံသားမဟုတ်သည့်မှတ်ပုံတင်အမှတ် (Alien Registration Number)တို့ကို FAFSA လျှောက်လွှာတွင် ထည့်သွင်းရန်လိုပါသည်။

## ပြည်နယ်တွင်းနေထိုင်သူကျောင်းလခသက်သာမှု (In-state tuition)

ဒုက္ခသည်ကျောင်းသားများနှင့် နိုင်ငံရေးခိုလှုံခွင့် ရရှိထားသော ကျောင်းသားများသည် Utah ပြည်နယ်အတွင်း ပြည်နယ်တွင်းနေထိုင်သူကျောင်းလခသက်သာမှု(In-state tuition) အတွက် အရည်အချင်းပြည့်မီသည်။

## ပညာတော်သင်ဆုများ

ဒုက္ခသည်ကျောင်းသားများနှင့် နိုင်ငံရေးခိုလှုံခွင့် ရရှိထားသော ကျောင်းသားများသည် Utah ပြည်နယ်အတွင်း ပညာတော်သင်ဆုများ လျှောက်ထားရန် အရည်အချင်းပြည့်မီသည်။

ကျောင်းသားများအနေဖြင့် ၎င်းတို့အရည်အချင်းပြည့်မီသည့် အခြားမည်သည့်ပညာတော်သင်ဆုများအတွက်မဆို လျှောက်ထားရန် အားပေးတိုက်တွန်းပါသည်။ အထောက်အကူဖြစ်စေမည့် ဝဘ်ဆိုက်များမှာ -

- Keys to Success
- The UN Refugee Agency

fafsahelp@ushe.edu / 801-646-4562

UTAH SYSTEM OF HIGHER EDUCATION